၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၄၃)

ဂုဏ်ယူကြရမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ

မောင်စာဂ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန် ၁၆ ရက်သာ လိုပါတော့သည်။ ရွေးကောက်ပွဲတစ်ခုတွင် မဲရုံများ၌ တာဝန်ထမ်းဆောင်ကြရသော မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် အဓိက အခရာကျသည်ဟု ဆိုနိုင်သည်။ ဤတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကို မည်သို့ခန့်ထားသနည်း။ ၎င်းတို့၏ တာဝန်များကား အဘယ်နည်း။ ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများနှင့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များလက်စွဲမှ ကောက်နုတ်၍ အနှစ်ချုပ်မျှဝေပါရစေ။

ခန့်ထားခြင်း

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲရုံများကို ကြီးကြပ်ကွပ်ကဲရန် သင့်လျော်သူများအား မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဦးစားပေးအစီအစဉ်အတိုင်း ခန့်အပ်သည်။ မဲရုံအဖွဲ့ဝင်များအဖြစ် ဝန်ထမ်းများအပြင် ယင်းမဲရုံမဲစာရင်းတွင် ပါဝင်ပြီးဖြစ်သည့် အများပြည်သူယုံကြည်လေးစားခြင်းခံရသော မဲဆန္ဒရှင် သို့မဟုတ် ဒေသခံပြည်သူများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သည်။

မဲရုံအဖွဲ့ဝင်အရေအတွက် မည်မျှဖွဲ့စည်းရမည်ကို မဲဆန္ဒရှင်ဦးရေအပေါ် မူတည်၍ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ပေးသော ဦးရေအတွင်း ဖွဲ့စည်းရသည်။ အဖွဲ့ဝင်များထဲမှ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူ၊ မဲရုံလုံခြုံရေး၊ မဲပေးပြီးကြောင်း မင်တို့ပေးသူဟူ၍ သီးခြားစီတာဝန်များ ခွဲဝေသတ်မှတ်ပေးသည်။ မဲရုံတစ်ရုံစီတွင် မဲရုံအဖွဲ့ဝင်အရေအတွက် မတူညီပါ။ မဲဆန္ဒရှင်များလျှင် မဲရုံအဖွဲ့ဝင်အရေအတွက် ပိုများသည်။

မဲရုံမှူး၏ တာဝန်များ

မဲရုံတွင် အသုံးပြုမည့် မဲပုံး၊ မဲစာရင်းမှစ၍ လိုအပ်သည့် ပစ္စည်းကိရိယာ၊ ပုံစံစာရွက်စာတမ်းများ ပြည့်ပြည့်စုံစုံရရှိနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာကော်မရှင်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ မဲရုံဖွင့်ချိန်နံနက်(၆) နာရီမထိုးမီ ရပ်ကွက်/ ကျေးရွာကော်မရှင်အဖွဲ့ခွဲက လာရောက်ပေးပို့သော ကြိုတင်မဲစာရင်းပုံစံ (၁၃) နှင့် မဲစာရင်းပုံစံ (၁)၊ (၁-က) တို့ကို စနစ်တကျလက်ခံရယူရမည်။ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ၏ ခန့်စာကို ကိုယ်တိုင်ရယူ သိမ်းဆည်းထားရမည်။ မဲဆန္ဒရှင်များ၏ အခြေအနေကို ချင့်ချိန်၍ ဆန္ဒမဲလက်မှတ်များတွင် ကြိုတင်လက်မှတ်ရေးထိုးထားရမည်။ မဲရုံမှူးလက်မှတ်မပါက ပယ်မဲဖြစ်သွားမည်။

နံနက် ၆ နာရီထိုးသည်နှင့်မဲရုံကို ဖွင့်၍ ညနေ ၄ နာရီထိုးသည်နှင့် မဲရုံကိုပိတ်ရမည်။ သို့သော် ညနေ ၄ နာရီမထိုးမီ မဲရုံပရဝဏ်အတွင်းသို့ ရောက်ရှိနေသူများအား စာရင်းကောက်ယူ၍ အားလုံးဆန္ဒမဲပေးပြီးသည်အထိ မဲရုံကို ဖွင့်လှစ်ထားရမည်။ ဆန္ဒမဲပေးသူများ မဲရုံအတွင်း စည်းကမ်းတကျ ဝင်ရောက်ရေး၊ လွတ်လပ်စွာနှင့်လျှို့ဝှက်စွာ ဆန္ဒမဲပေးနိုင်ရေး၊ စာမဖတ်တတ်သူများ၊ မသန်စွမ်းသူများအား သတ်မှတ်ထားသည့်အတိုင်း ကူညီဆောင်ရွက်ရေး၊ ဆန္ဒမဲပေးစဉ်တစ်လျှောက်လုံး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဖြစ်စေရေးတို့အတွက် စီမံကြပ်မတ်ဆောင်ရွက်ရမည်။

မဲရုံအတွင်း မဖွယ်မရာပြုသူများ၊ တာဝန်အရညွှန်ကြားသည်ကို မလိုက်နာသူများအား မဲရုံမှ ဖယ်ရှားရေးနှင့် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုတစ်ခုခုကို ကျူးလွန်သူအား ဖမ်းဆီးစေရေးတို့အတွက် တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြားလုံခြုံရေးတာဝန်ရှိသူများအား ညွှန်ကြားရမည်။ မဲရုံဖွင့်ချိန်မှ မဲရုံပိတ်ချိန်အတွင်း မဲရုံအတွင်း ဆောင်ရွက်ချက်ဖြစ်စဉ်မှန်သမျှကို နောက်ဆက်တွဲပုံစံ (ဃ) တွင် ရေးသွင်းမှတ်သားထားရမည်။

ဆန္ဒမဲများရေတွက်ခြင်း၊ ပယ်မဲသတ်မှတ်ခြင်း၊ ပုံစံများတွင် ဖြည့်သွင်းခြင်း၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရန် ဆောင်ရွက်ခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် ညီညွတ်မှန်ကန်မှုရှိရမည်။ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ကောင်းစွာသိရှိထားပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သော စီမံကြီးကြပ်မှုများ ပြုရမည်။

ဒုတိယမဲရုံမှူး၏တာဝန်များ

ရွေးကောက်ပွဲမကျင်းပမီကာလတွင် မိမိတို့ ဆောင်ရွက်ရမည့်လုပ်ငန်း အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ မဲရုံအဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းခြင်း၊ လုပ်ငန်းလမ်းညွှန်နှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်များပါ သိသင့်သိထိုက်သော အချက်အလက်များကို မဲရုံအဖွဲ့ဝင်များအား ရှင်းပြထားရခြင်း၊ တာဝန်ကျမည့် မဲရုံသို့သွားရောက်ရာတွင် မည်သည့်အချိန်၊ မည်သည့်နေရာ၌ ကြိုတင်တွေ့ဆုံကြမည်ကို ကြိုတင်၍ မဲရုံအဖွဲ့ဝင်များနှင့် ညှိနှိုင်းထားခြင်းတို့ ဆောင်ရွက်ရမည်။

မဲရုံမဖွင့်မီကာလတွင် မဲရုံနှင့် သက်ဆိုင်သော မဲစာရင်းများ၊ မဲပုံးများ၊ ဆန္ဒပြုသည့် တံဆိပ်တုံးများ၊ ဆန္ဒမဲလက်မှတ်ရေတွက်စစ်ဆေးခြင်း ပုံစံ (၁၁)၊ မဲစာရင်းများ ပြင်ဆင်ခြင်း ပုံစံ (၁၂)၊ ကိုယ်စားလှယ်လောင်းများရရှိသော မဲစာရင်းပုံစံ (၁၆) နှင့် (၁၆-က)၊ မသုံးဘဲကျန်နေသော မဲလက်မှတ်စာရင်း ပုံစံ(၁၆-ခ)၊ ပယ်မဲစာရင်းပုံစံ(၁၇) နှင့် (၁၇-က)၊ လုပ်ငန်းလမ်းညွှန် နောက်ဆက်တွဲပုံစံ (ခ) (ဂ) (ဃ)၊ မင်ခံခွက်၊ ချည်ကြိုး၊ ချိပ်တံဆိပ်နှင့် ချိပ်တောင့်၊ ဖယောင်းတိုင်၊ မီးခြစ်၊ မဲရုံအမှတ်စာတမ်း၊ ဘောပင်များ (အနက်နှင့် အပြာရောင်)၊ မဲလက်မှတ်များထည့်ရန် အိတ်များ (အိတ်သေး+ အိတ်ကြီး)၊ ပေတံ၊ မဲလက်မှတ်များ ထည့်သွင်းရေတွက်ရန်ခွက်များ သို့မဟုတ် တောင်းများ၊ မဲပေးပြီးကြောင်း မင်တို့ရန် မင်အိုး၊ မင်ခွက်များစသည်တို့ကို ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲထံမှ ထုတ်ယူထားရမည်။

မဲလက်မှတ်စာအုပ်များ ရရှိပြီးနောက် အတွင်းလက်ခံဖြတ်ပိုင်းရှိ အမှတ်စဉ်များကို လိုအပ်သလို ရေးမှတ်ခြင်း၊ မဲစာရင်း၏စာမျက်နှာအမှတ်စဉ်နှင့် ရွက်ရေပြည့်စုံခြင်း ရှိ မရှိနှင့် မဲဆန္ဒရှင်အမှတ်စဉ်များ မှန်ကန်မှု ရှိ မရှိ စစ်ဆေးခြင်း၊ မဲရုံအဖွဲ့ဝင်များနှင့် မဲရုံအတွင်း ဝင်ခွင့်ရှိသော ပုဂ္ဂိုလ်များအား သတ်မှတ်ထားသည့်အတိုင်း နေရာချထားပေးနိုင်ရန်စီစဉ်ခြင်း၊ မဲပုံးအလွတ်ကို မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များအပါအဝင် မဲရုံ၌ရှိသူများအား ပြသပြီး လုံခြုံစွာပိတ်၍ မဲရုံအတွင်း သတ်မှတ်နေရာ၌ ထားရှိခြင်းနှင့် စာမတတ်သော မဲဆန္ဒရှင်များ လက်ဗွေနှိပ်ရန် မင်ခံခွက်နှင့် လက်သုတ်ရန်အဝတ်များ ထားရှိခြင်းတို့ကို ဆောင်ရွက်ရမည်။

မဲရုံဖွင့်လှစ်ထားစဉ်ကာလတွင် မဲဆန္ဒရှင်များ မဲရုံအတွင်းသို့ အေးချမ်းစွာဖြင့် စည်းကမ်းတကျ ဝင်ခွင့်ပေးရန် စီမံဆောင်ရွက်ခြင်း၊ မဲပေးသူသည် ကျန်းမာသန်စွမ်းခြင်း မရှိသောကြောင့် မဲလက်မှတ်ကို မဲပုံးထဲသို့ ထည့်နိုင်စွမ်းမရှိလျှင် ကူညီဆောင်ရွက်ပေးခြင်း၊ မဲဆန္ဒရှင်တစ်ဦးက မဲလက်မှတ်ကို မဲရုံပြင်ပသို့ ယူဆောင်သွားလျှင် သို့မဟုတ် ဆုတ်ဖြဲလျှင် မဲရုံမှူးထံ ချက်ချင်းတင်ပြခြင်း၊ မဲရုံလုံခြုံမှုအတွက် လိုအပ်သလို ကြည့်ရှုစစ်ဆေးခြင်း၊ မဲရုံမှူးမရှိသည့်အချိန်တွင် မဲရုံမှူး၏တာဝန်များကို ထမ်းဆောင်ခြင်းတို့ပြုရမည်။

မဲစာရင်းစစ်ဆေးသူ၏တာဝန်များ

မိမိနှင့်သက်ဆိုင်သည့် လွှတ်တော်မဲစာရင်း ဟုတ်မဟုတ်၊ မဲစာရင်းပါစာမျက်နှာ၊ အမှတ်စဉ်နှင့် ရွက်ရေပြည့်စုံမှန်ကန်မှု ရှိ မရှိ၊ မဲစာရင်းပါ မဲဆန္ဒရှင်အမှတ်စဉ်များ မှန်ကန်မှု ရှိ မရှိ၊ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများစာရင်းကို မဲစာရင်းတွင် မှတ်သားထားပြီးဖြစ် မဖြစ် သေချာစွာ စစ်ဆေးရမည်။ ဆန္ဒမဲလာရောက်ပေးသူများကို လိုအပ်သလို စိစစ်၍ ဆန္ဒမဲပေးခွင့်ပြုပါက မဲစာရင်းပုံစံ (၁) သို့မဟုတ် ပုံစံ(၁-က) တွင် လက်မှတ်ရေးထိုးစေရမည်။ လက်မှတ်မထိုးတတ်ပါက လက်ဝဲလက်မ လက်ဗွေနှိပ်စေရမည်။

မဲဆန္ဒရှင်တစ်ဦးသည် မဲစာရင်းပါအချက်များနှင့် မကိုက်ညီခဲ့လျှင် သို့မဟုတ် သူတစ်ပါးအယောင်ဆောင်၍ မဲလက်မှတ်လာရောက်တောင်းဆိုကြောင်း စိစစ်တွေ့ရှိလျှင် သို့မဟုတ် မဲဆန္ဒရှင် အမှန်မဟုတ်ဟု သံသယရှိလျှင် မဲရုံမှူးထံ ချက်ချင်းတင်ပြရမည်။ မဲဆန္ဒရှင်ကိုယ်စား အခြားသူတစ်ဦးက မဲလာရောက်ပေးခြင်းကို လုံးဝခွင့်မပြုရပါ။ မဲစာရင်းစစ်ဆေးခြင်းလုပ်ငန်း ပြီးဆုံးပါက ထုတ်ယူထားသော မဲစာရင်းကို မဲရုံမှူးထံသို့ ပြန်လည်အပ်နှံပြီး နောက်ဆက်တွဲပုံစံ (ခ)၏ ကျောဘက်တွင် မဲရုံမှူးအား လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးစေရမည်။ မိမိ၏ တာဝန်ကို မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံ အဖွဲ့ဝင်တစ်ဦးဦးအား လွှဲပြောင်းခြင်း မပြုရပါ။

ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ၏ တာဝန်များ

မိမိနှင့် သက်ဆိုင်သည့်လွှတ်တော်အတွက် ဆန္ဒမဲလက်မှတ် ဟုတ် မဟုတ်၊ မဲလက်မှတ်စာအုပ်များတွင် ရွက်ရေပြည့်စုံမှန်ကန်မှု ရှိ မရှိ၊ မဲလက်မှတ်များတွင် မဲရုံမှူးလက်မှတ်ရေးထိုးထားခြင်း ရှိ မရှိ စစ်ဆေးရမည်။ မဲလက်မှတ်တောင်းဆိုသူသည် မဲစာရင်းပါအမည်နှင့် အမှတ်စဉ်တို့မှန်ကန်ပါက မဲလက်မှတ်၏ လက်ခံဖြတ်ပိုင်းတွင် လက်မှတ်ရေးထိုးစေပြီးနောက် မဲလက်မှတ်ကို ထုတ်ပေးရမည်။

စာမတတ်သည့် မဲဆန္ဒရှင်များ မဲလက်မှတ်လာရောက်တောင်းဆိုသည့်အခါ မဲစာရင်း၌ လက်ဗွေနှိပ်ရသဖြင့် လက်ကိုအဝတ်ဖြင့် သုတ်စေရမည်။ မဲလက်မှတ်အပိုထုတ်မပေးမိစေရေးအတွက် အထူးသတိထား ထုတ်ပေးရမည်။ မူလကပင် အစွန်းထင်နေသော၊ စုတ်ပြဲနေသော မဲလက်မှတ်များကို ထုတ်မပေးရန်နှင့် တွေ့ရှိက မဲရုံမှူးထံ ချက်ချင်းတင်ပြရမည်။ ထုတ်ပေးပြီးသော မဲလက်မှတ် အရေအတွက်နှင့် လက်ကျန်မဲလက်မှတ်အရေအတွက်တို့ကို ကိုက်ညီမှု ရှိ မရှိ အခါအားလျော်စွာစစ်ဆေး၍ ကွဲလွဲချက်တွေ့ရှိက ချက်ချင်းမဲရုံမှူးထံ တင်ပြရမည်။

မဲရုံပိတ်သည့်အခါ မဲစာရင်းနှင့် လက်ကျန်မဲလက်မှတ်များကို စိစစ်၍ မဲရုံမှူးထံ အမြန်ပေးအပ်ရမည်။ နောက်ဆက်တွဲ ပုံစံ(ဂ)၏ ကျောဘက်တွင် မဲရုံမှူးအား လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးစေပြီး မဲရုံမှူးထံ အပ်နှံရမည်။ မိမိ၏တာဝန်ကို မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံအဖွဲ့ဝင်တစ်ဦးဦးအား လွှဲပြောင်းခြင်း မပြုရ။

မဲရုံလုံခြုံရေး၏ တာဝန်များ

မဲပုံးများကို သတ်မှတ်နေရာတွင် စနစ်တကျထားရှိခြင်း ရှိ မရှိနှင့် မဲပုံးများ၌ မဲလက်မှတ်ကို လွယ်ကူစွာထည့်နိုင်သော အပေါက်ပြုလုပ်ထားခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ မဲဆန္ဒရှင်များ မဲရုံအတွင်းသို့ စနစ်တကျဝင်ထွက်နိုင်ရေးနှင့် သတ်မှတ်ချိန်အတွင်း မဲပေးခြင်းပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊ ကျန်းမာသန်စွမ်းခြင်း မရှိသောကြောင့် မဲလက်မှတ်ကို မဲပုံးထဲသို့ထည့်နိုင်စွမ်းမရှိသည့် မဲဆန္ဒရှင်အား ဒုမဲရုံမှူးနှင့်အတူ ကူညီဆောင်ရွက်ခြင်းတို့ပြုရမည်။

ရွေးကောက်ပွဲကျင်းပနေစဉ် မဲပုံးကို ယူဆောင်သွားလျှင် သို့မဟုတ် မဲပုံးအတွင်းရှိ လက်မှတ်များကို ပျက်စီးအောင်ပြုလျှင်၊ ဆန္ဒမဲလက်မှတ်ကို ဆုတ်ဖြဲ၍ မဲပုံးထဲသို့ ထည့်ရန် ကြံရွယ်နေကြောင်း တွေ့ရှိလျှင် သို့မဟုတ် ဆန္ဒမဲပေးခြင်းကို အနှောင့်အယှက်ပြုရန် မသင့်မလျော်မဖွယ်ရာတွေ့ရှိလျှင် မဲရုံမှူးထံ ချက်ချင်းတင်ပြရမည်။ လွတ်လပ်စွာ မဲပေးခြင်းကို ထိခိုက်မှုမရှိစေရန်၊ လေ့လာသူအဖွဲ့များအား စနစ်တကျရှိစေရန်နှင့် မဲပေးပြီးသူတို့ မင်တို့စေရန် ကြပ်မတ်ရမည်။ မိမိတာဝန်ကို မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံအဖွဲ့ဝင်တစ်ဦးဦးအား လွှဲပြောင်းခြင်း မပြုရပါ။

မဲပေးပြီးကြောင်းမင်တို့သူ၏ တာဝန်များ

မဲရုံမဖွင့်မီ မဲရုံမှူးထံမှ မင်တို့ရန် လိုအပ်သည့် မင်အိုး၊ မင်ခွက်တို့ကို ထုတ်ယူ၍ သတ်မှတ်နေရာတွင် ထားရမည်။ ဆန္ဒမဲပေးပြီး ပြန်လည်ထွက်ခွာမည့်သူများအား လွှတ်တော်အသီးသီးအတွက် မဲပေးခြင်းပြီးစီးမှု ရှိမရှိစုံစမ်းမေးမြန်းရမည်။ မဲပေးပြီးကြောင်း သိရှိရပါက ထိုသူ၏ လက်ဝဲလက်သန်းတွင် မင်တို့ရမည်။ လက်သန်းမရှိပါက လက်ချောင်း တစ်ချောင်းချောင်းပေါ်တွင် မင်တို့ရမည်။

အထူးလိုက်နာရန် လိုအပ်မည့်အချက်များ

ယခုကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် ကိုဗစ်- ၁၉ ရောဂါကူးစက်ခံနေရသည့် အချိန်ကာလအတွင်း ကျင်းပမည့်ရွေးကောက်ပွဲဖြစ်သည်။ ယခင်က ရွေးကောက်ပွဲများတွင် ဆောင်ရွက်ခဲ့ရသည်ထက် လုပ်ငန်းများ ပိုမိုများပြားလာသည်။ တာဝန်လည်းပို၍ကြီးလာသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာ စံလုပ်ငန်းလမ်းညွှန်အပိုင်း (၂) တွင် ဖော်ပြထားချက်များနှင့်အညီ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအားလုံး လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။ ကြိုတင်လေ့လာထားကြရမည်။ လိုအပ်သော မျက်နှာဖုံးကာဗာ (Face Shield)၊ နှာခေါင်းစည်း (Mask)၊ လက်အိတ်၊ ရေမလိုလက်သန့်ဆေးရည်များ အချိန်မီရရှိအောင် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ မဲရုံအတွင်း တာဝန်ရှိသူ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ နေရာထိုင်ခင်းများစီစဉ်၍ မဲဆန္ဒရှင်များကိုလည်း ခြောက်ပေအကွာနေရာများ သတ်မှတ်ထားရှိရမည်။

တရားစွဲဆိုခြင်း မခံထိုက်စေရပါ

တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ဥပဒေနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် စွမ်းဆောင်နိုင်သမျှ ထမ်းဆောင်သော မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအတွက် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း မခံထိုက်စေရပါ။

ဂုဏ်ယူထိုက်ပါသည်

မဲရုံများသည် များသောအားဖြင့် အစိုးရစာသင်ကျောင်းများတွင် ဖြစ်သည်။ မဲရုံမှူး၊ ဒုတိယမဲရုံမှူး အများစုမှာ အစိုးရစာသင်ကျောင်းများမှ ဆရာ ဆရာမများဖြစ်ကြသည်။ မဲရုံအဖွဲ့ဝင်များသည်လည်း ဝန်ထမ်းများ၊ အများကြည်ညိုလေးစားခံရသူများ ဖြစ်ကြသည်။ ရွေးကောက်ပွဲတိုင်းလိုလို ပါဝင်ဆောင်ရွက်ခဲ့ကြဖူးသည့်အတွက် အတွေ့အကြုံကောင်းစွာ ရရှိထားကြသူများဖြစ်သည်။

ကြိုးစားကြသည်။ နိုးနိုးကြားကြား ရှိကြရသည်။ အခွင့်အရေးကိုမမျှော် စေတနာသက်သက်ဖြင့် တိုင်းကျိုးပြည်ပြု ဆောင်ရွက်ကြရသည်။ မှန်ကန်ရသည်။ ဥပဒေနှင့်အညီ ဖြစ်ရသည်။ တာဝန်က ကြီးလေးသည်။ လုပ်ငန်းက မွန်မြတ်လှသည်။ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် စေတနာ့ဝန်ထမ်း လုပ်ငန်းတာဝန်ထမ်းဆောင်ခွင့်ရရှိခြင်းသည် ပြည်သူနှင့် နိုင်ငံတော်အတွက် အရေးကြီးသောလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် တန်ဖိုးမဖြတ်နိုင်၊ ဂုဏ်ယူထိုက်ပါသည်။

အထူးသဖြင့် ကိုဗစ်- ၁၉ ရောဂါကာလအတွင်း မဲဆန္ဒရှင်ပြည်သူများ ဘေးကင်းလုံခြုံ စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးခြင်းအတွက် အဓိကအကျဆုံး အရေးပါဆုံးနေရာမှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းကို ပို၍ပို၍ ဂုဏ်ယူထိုက်ကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် တန်ဖိုးမဖြတ်နိုင်ပါကြောင်း ဖွင့်ဆိုလိုက်ပါရစေ။

- **မဲရုံမှူးနှင့်အဖွဲ့ဝင်များ စုပေါင်းအင်အားဖြင့် ကိုယ်စီတာဝန်ကျေပွန်ကြပါစေ။**
- **မဲဆန္ဒရှင်ပြည်သူများ ဘေးကင်းလုံခြုံစွာ ဆန္ဒပြုမဲပေးနိုင်ရေး စီမံဆောင်ရွက်နိုင်ကြပါစေ။**
- **တိုင်းကျိုးပြည်ပြုပါဝင်စွမ်းဆောင်မှုဖြင့် စံယူထိုက်သူများဖြစ်ကြပါစေ။**